Hanns Seidel Foundation | MYANMAR CBT NETWORK | MINISTRY OF HOTELS & TOURISM | Myanmar Centre for Responsible Business | MRTI Myanmar Responsible Tourism Institute

ဇွန်လ ၁၁ရက်၊ ၂၀၁၈။

# သတင်းထုတ်ပြန်ချက်

## "အောင်မြင်သော ခရီးသွားဒေသအဖြစ်အကောင်အထည်ဖော်ရာတွင် ဒေသခံအဆင့်၌ စီစဉ်မှုနှင့် စီမံဆောင်ရွက်မှုများ အခြေခံကျ"

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်ရှိ ကလောမြို့တွင် ဇွန်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပသော တတိယ အကြိမ်မြောက် အမျိုးသားအဆင့် ခရီသွားညီလာခံကို အစိုးရဌာန၊ ပုဂ္ဂလိကကဏ္ဍ၊ ဒေသခံလူထု အခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့ အစည်းများ၊ ဖွံ့ဖြိုးရေးအတွက် ပူပေါင်းဆောင်ရွက်သည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ အပါအဝင် လူဦးရေ ၂၀၀ ကျော် တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ဤခရီးသွားညီလာခံသည် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ပူးပေါင်း ဆောင်ရွက်မှုနှင့် German Cooperation (GIZ) အဖွဲ့၏ ထောက်ခံမှုဖြင့်၊ Hanns Seidel Foundation ၊ လူထုအခြေပြု ခရီးသွားလုပ်ငန်းကွန်ယက်၊ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြု ဌာန(MCRB)နှင့် မြန်မာ့ တာဝန်သိ ခရီးသွားလုပ်ငန်းအဖွဲ့ (MRTI) တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်း ဖြစ်ပါသည်။ ညီလာခံသည် အထူးသဖြင့် ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံတဝန်းရှိ ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသည့် နေရာများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာ ရှိသော နေရာများမှ ဒေသခံများကို တစ်နေရာထဲတွင် ပေါင်းစည်းတွေ့ဆုံကာ ခရီးသွားလုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးနိုင်စေခဲ့သည်။

ညီလာခံ၏ အဖွင့်ပွဲနေ့တွင် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်သွင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီး Ms. Dorothee Janetzke-Wenzel နှင့် ကလော မြို့နယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်အမတ် ဒေါ်ပြုံးကေသီနိုင် တို့မှ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြား ပေးခဲ့သည်။ ထိုသို့တက်ရောက်အမှာ စကားပြောကြားသူအများစုမှ ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ထောက်ပံ့ပေးရန်နှင့် German Cooperation (GIZ) အဖွဲ့အစည်းနှင့် UKAid's Business Innovation Facility (BIF) တို့မှ ဦးစီးဆောင်ရွက်နေသော လူထုအခြေပြု ခရီးသွား လုပ်ငန်းဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှုများအား ထောက်ပံ့ပေးရန်အတွက် ၄င်းတို့မှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ပတ်သက်၍လည်း အမှာစကားများတွင် အလေးပေး ထည့်သွင်းပြောကြားခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကလောမြို့စည်ပင်သာယာဌာနအား အာဆီယံဒေသ သန့်ရှင်းသည့် မြို့ဆုကို ပေးအပ်ခဲ့သည်။ ဤဆုသည် ကလောမြို့ရှိ စည်ပင်သာယာဝန်ထမ်းများ၊ အစိုးရတာဝန်ရှိသူများ၊ ဒေသခံများနှင့် မကြာမီကပင် ဖွဲ့စည်းလိုက်သည့် ကလောမြို့ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြို့နေလူထုများမှ အမှိုက်မီးရှို့ခြင်းကို လျှော့ချရေးနှင့် အမှိုက်သိမ်းဆည်း

ရေးဆိုင်ရာ ပစ္စည်းကိရိယာယန္တရားများ တိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ကလောမြို့နယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်အမတ် ဒေါ်ပြုံးကေသီနိုင်မှလည်း ကလောမာရသွန်၊ တောင်တက်ခြင်း၊ မြင်းစီးခြင်းနှင့် စက်ဘီးစီးခြင်းများ စသည့် လုပ်ဆောင်စရာများကို အခြေခံပြီး ကလောမြို့ကို နားနေအားဖြည့်စရာကောင်း သည့် ဒေသတစ်ခုအဖြစ် ပုံဖော်လိုသော ရည်မှန်းချက်ကို တင်ပြခဲ့သည်။ ထိုသို့ ပုံဖော်နိုင်ရန်အတွက် ကလောမြို့တဝိုက်ရှိ သစ်တောအလှ၊ တောတောင်သဘာဝနှင့် ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများကို တန်ဖိုးထား၍ ထိန်းသိမ်းရန်လည်း လိုအပ်သည်။ သူမသွားရောက်လည်ပတ်ခဲ့သော လာအိုနိုင်ငံမှ လွန်ပရာဘန်မြို့ငယ်လေးနှင့် မလေးရှားနိုင်ငံမှ ကင်မရွန်း တောင်တန်းမြို့လေးတို့မှ တွေ့ကြုံ သင်ယူခဲ့သည်များကို ဖွင့်ဟပြောဆိုခဲ့ပြီး ဆက်လက်၍ " ကျွန်မတို့ ကလောမြို့ ခရီးသွားလုပ်ငန်းရဲ့ အနာဂတ် တိုးတက်ခိုင်မာဖို့ဆိုရင် မြို့ပြစီမံကိန်းဆွဲရာမှာ မြို့နယ်အဆင့်ကနေ ပူပေါင်းပါဝင်ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ လတ်ဆတ်တဲ့ လေ၊ သန့်ရှင်းတဲ့ လမ်းတွေနဲ့ တိုင်းရင်းသားပေါင်းစုံနေထိုင်သလို အေးချမ်း သာယာပြီး ထင်းရှူးပင်တွေပေါတဲ့ တောင်ပေါ်စခန်းမြို့လေးအဖြစ် ထိန်းသိမ်းဖို့နှင့် ဟန်ချက်ညီပြီး ရေရှည်တည်မြဲမည့် စီးပွားရေး ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်လာဖို့အတွက် ဆုံးဖြတ်ချက်တွေဟာ ဒေသခံအဆင့်အမှာသာ ဆုံးဖြတ်နိုင်ခွင့်ရှိဖို့ အရေးကြီးပါတယ်" ဟုပြောကြားခဲ့သည်။

ဟန်းဆိုင်းဒယ်ဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Achim Munz က ဤညီလာခံ၌ ဆွေးနွေးမှုများကို ယခုလက်ရှိ လွှတ်တော်တွင် ဆွေးနွေးနေသော မြန်မာ့ခရီးသွားလုပ်ငန်း ဥပဒေမူကြမ်းသစ်နှင့် ဆက်စပ်၍ ပြောဆိုခဲ့ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ တည်းခိုသည့် အဆောက်အအုံများအား ခွင့်ပြုချက် ထုတ်ပေး ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ပြည်နယ်တိုင်းဒေသအစိုးရ သို့မဟုတ် ဒေသခံများနှင့် ပိုမိုနီးစပ်သည့် ဒေသအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များမှ တာဝန်ယူဆောင်ရွက်နိုင်ခွင့် ရှိသင့်ကြောင်းလည်း ထည့်သွင်းပြောဆိုခဲ့သည်။ ဆက်လက်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဗဟိုချုပ်ကိုင်မှုကို လျှော့ချနိုင်သည့် အခွင့်အရေးများပေါ် အခြေခံ၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ ဥပဒေမူကြမ်းသည် ပြည်နယ်တိုင်းဒေသအစိုးရများနှင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများကို ပိုမိုလုပ်ပိုင်ခွင့်ပေးခြင်းအားဖြင့် အဆင့်ဆင့်ဖြတ်ကာ လုပ်ငန်းလိုင်စင်လျှောက်ထားရခြင်း အစရှိသည့် မလိုလားအပ်သော အဟန့်အတားများကို လျှော့ချနိုင်ခြင်းအပြင် ခရီးသွားဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူသိများအောင် ကြော်ငြာခြင်း တို့အတွက် အသုံးပြုနိုင်ရန်အတွက် ရန်ပုံငွေများ ကောက်ခံခြင်းနှင့် သိမ်းဆည်းခြင်းများကို ဒေသတွင်းအဆင့်၌ လုပ်ဆောင်နိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် ဒေသခံပြည်သူလူထုများ အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည် ဖြစ်သည်။ ။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) မှ ဒါရိုက်တာ ဗစ်ကီဘိုးမန်းမှ ခရီးသွား လုပ်ငန်းလုပ်ဆောင်နေသူများအနေဖြင့် ဒေသအဆင့်တွင် အားလုံးပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်းကို အလေးပေးဆွေးနွေးသွားခဲ့သည်။ ဗစ်ကီဘိုးမန်းမှ ပြောကြားရာတွင် " ကလောခရီးသွား လုပ်ငန်းအဖွဲ့အစည်းကို ဖွဲ့စည်းလိုက်တဲ့အတွက် ကလောရှိ လုပ်ငန်းရှင်တွေဟာ ကနဦးရှေ့ဆောင်မှုပြုသူ တွေပါ။ ကလောခရီးသွား လုပ်ငန်း အဖွဲ့အစည်းဟာ ဟိုတယ်၊ ဧည့်ဂေဟာ၊ စားသောက်ဆိုင်များ၊ ဒေသခံ ဧည့်လမ်းညွှန်နှင့် တောင်တက် ခရီးသွား လုပ်ငန်းဆောင်ရွက်သူများ၊

ပို့ဆောင်ရေးဆောင်ရွက်သူများနှင့် အခြားသော ဧည့်လမ်းညွှန်များ အစရှိသူအားလုံးတို့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အရေး ဖန်တီးပေးသလို ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် လက်တွဲဆောင်ရွက်လျက်ရှိပါတယ်။ ကလောရဲ့ လတ်ဆတ်တဲ့လေ၊ သန့်ရှင်းတဲ့ လမ်းတွေဟာ ယင်းတို့အားလုံး ပူးပေါင်း ဆောင်ရွက်မှုရဲ့ ရလဒ်ပဲဖြစ်ပါ တယ်။ ဒီလို စီးပွားရေးလုပ်ငန်းရှင်တွေမှ ဦးစီးဆောင်ရွက်တဲ့ ခရီးစဉ်ဒေသအတွက် စီမံထိမ်းသိမ်း စောင့်ရှောက် ရေးအဖွဲ့များ မြန်မာနိုင်ငံမှာရှိတဲ့ အခြားခရီးစဉ် ဒေသတွေမှလည်း အတုယူဆောင်ရွက်ကြမယ်လို့ မျှော်လင့်ပါတယ်” ဟုပြောဆိုခဲ့သည်။

မြန်မာ့တာဝန်သိ ခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်ဝင်းနိုင်က “ ယခုခရီးသွားညီလာခံက ခရီးစဉ်ဒေသ ပေါင်းစုံက ဒေသခံများအတွက် အထောက်အကူဖြစ်စေဖို့ မည်သို့ မည်ပုံ  အားလုံး ပူးပေါင်ပါဝင်ပြီး ဆန်းသစ်တဲ့ စီးပွားရေး လုပ်ငန်းတွေကို အကောင်ထည်ဖော်ဆောင်ရွက်နိုင်မယ်ဆိုတဲ့ အတွေ့အကြုံ တွေကို မျှဝေနိုင်မဲ့ အခွင့်အရေး ဖြစ်ပါတယ်။ ကျနော်တို့ မြန်မာ့တာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့ အနေနဲ့ လည်း Business Innovation Facility (BIF) နှင့် လက်တွဲ၍ အားလုံးပူးပေါင်း ပါဝင်ခြင်း၊ တီထွင် ဆန်းသစ်ခြင်းကို အခြေပြုတဲ့ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းထုတ်ကုန်များကို အသိအမှတ်ပြုဖို့ မြန်မာ့တာဝန်သိ ခရီးသွားလုပ်ငန်းအဖွဲ့ရဲ့ တာဝန်သိသော ခရီးသွားလုပ်ငန်းဆုကို ပေးအပ်သွားမှာ ဖြစ်ကြောင်း ကြေငြာအပ်ပါတယ်” ဟု ပြောဆိုခဲ့သည်။

ဤညီလာခံတွင် ဒေသလူထုအခြေပြု ခရီးသွားလုပ်ငန်း၊ ဈေးကွက်များ ရယူနိုင်ခြင်းနှင့် ထုတ်ကုန်များ တီထွင်ခြင်း၊ စွန့်ပစ်အညစ်အကြေးများအား စီမံခန့်ခွဲခြင်း၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးစဉ် ဒေသ အား စီမံခန့်ခွဲခြင်း အစရှိသည့် အကြောင်းအရာများနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများအား ထည့်သွင်းထားသောကြောင့် တက်ရောက်လာသူများအနေဖြင့် ကွန်ယက်ဖွဲ့ရန်နှင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းဆောင်တာများကို သိနားလည်ရန် အခွင့်အရေးတစ်ခုဖြစ်ပါသည်။

ညီလာခံအား စီစဉ်သူများမှ သုံးရက်တာညီလာခံ ကျင်းပလိုက်ခြင်း၏ နောက်ဆက်တွဲအနေဖြင့် ပွဲတက်ရောက်လာသူများမှ တည်းခိုနေထိုင်မှု၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးအတွက် စရိတ်များ သုံးစွဲလိုက်ခြင်းကြောင့် ကလောမြို့ စီးပွားရေးအတွင်းသို့ အနည်းဆုံး ဒေါ်လာ ၂၀၀၀၀ ခန့် ဝင်ရောက်သွားပြီးဖြစ်ကြောင်း ခန့်မှန်းခဲ့ကြသည်။ ပွဲတက်ရောက်လာသူများ အများအပြားမှ ရှမ်းပြည်နယ် တောင်ပိုင်းရှိ စိမ်းစိုသည့် ရှုခင်းနှင့် အေးချမ်းသည့် ရာသီဥတုအား ဆက်လက် ခံစားနိုင်ရန် အတွက် ၎င်းတို့၏ ခရီးစဉ်ကို တိုးချဲ့လိုက်သောကြောင့် ဒေသစီးပွားရေးအတွက် ထောက်ပံ့ပေးလိုက်သည့် အမှန်တကယ် ငွေကြေးပမာဏမှာ ခန့်မှန်းထားသည်ထက် သိသာစွာ များပြားနေနိုင်သည်။

ညီလာခံ၏ အမှတ်တံဆိပ်ပါသည့် ပြန်လည်ဖြည့်တင်း သုံးစွဲနိုင်သော အလူမီနီယမ် ရေဘူးများကို ပွဲတက် ရောက်လာသူ များအား ပေးအပ်ခြင်းအပြင် ရေဖြည့်ယူနိုင်သည့် ရေဘူးများကို အစည်းအဝေးနေရာများတွင် ထားရှိပေးလိုက်ခြင်းကြောင့် ခန့်မှန်းခြေအားဖြင့် ၅၀၀ မီလီလီတာရှိ ပလတ်စတစ် ရေဘူးများ စုစုပေါင်း ၁၈၀၀ ဘူးကို သုံးစွဲခြင်းမှ ရှောင်ရှားနိုင်ခဲ့သည်။

နောက်ခံအကြောင်းအရာ

ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းနှင့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး  အထောက်အကူပြုဌာန (MCRB) သည် ယခင်က ခရီးသွားညီလာခံ နှစ်ခုကို နေပြည်တော်တွင် ၂၀၁၅ ဒီဇင်ဘာလ နှင့် ၂၀၁၇ ဇွန်လတို့တွင် ဦးစီးကျင်းပခဲ့ပါသည်။

ဤညီလာခံ၏ လုပ်ငန်း အစီအစဉ် အပြည့်အစုံနှင့် ပွဲစီစဉ်သူများ၏ အသေးစိတ် အကြောင်းအရာများအား ရယူနိုင်ပါသည်။

ထပ်ဆင့်သိရှိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဝင်းမင်း
မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန (MCRB)
Email: win.min@myanmar-responsiblebusiness.org
Phone: 09 953 428 358
https://www.facebook.com/myanmar.responsible.business/

Mr. Leander Ketelhodt
ဟန်းဆိုင်းဒယ်ဖောင်ဒေးရှင်း
Email:Ketelhodt@hss.de
Phone: 01 667 225
https://www.facebook.com/HSF.Myanmar